ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက်

## အကျဉ်းချုပ်

ယခုစာတမ်းတိုသည် ပြည်သူ့လွှတ်တော်ရုံး၊ သုတေသန၊ နည်းပညာနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီး၊ သုတေသနဌာန၏ သုတေသနဝန်ဆောင်မှုများအနက် ဒုတိယအကြိမ်မြောက်ဆက်လက်ထုတ်ဝေသော ဝန်ဆောင်မှုအသစ်တစ်ခုဖြစ်ပါသည်။ မက်ခရို၊ မိုက်ခရို စီးပွားရေးဆိုင်ရာကိန်းဂဏန်း အချက်အလက်များကို လစဉ်၊ ဒုတိယအပတ်အတွင်း ထုတ်ဝေသွားရန် ရည်မှန်းချက်ထားရှိသည့် အားလျော်စွာ ဆက်လက်ထုတ်ဝေလျက် ရှိပါသည်။ ယခုစာတမ်းတိုသည် ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော စီးပွားရေးဆိုင်ရာ ကိန်းဂဏာန်းများနှင့် အချို့အချက်အလက်ရရှိမှု ကာလပေါ်တွင်မူတည်၍ တင်ပြထားပါသည်။ ကိုယ်စားလှယ်များ၊ ဝန်ထမ်းများအနေဖြင့်စီးပွားရေးဆိုင်ရာ အချက်အလက်များကို သိရှိစေရန် ရည်ရွယ်ရေးသားခြင်းဖြစ်ပါသည်။

ဤစာ တမ်းတိုတွင် အကြောင်းအရာ (၁၁) ခုပါဝင်ပြီး အချို့သော အချက်အလက်များသည် နှစ်စဉ် သို့မဟုတ် သုံးလပတ်စဉ်အလိုက် ရရှိသောကြောင့်လည်းကောင်း၊ အချို့သောအကြောင်းအရာများတွင် အချက်အလက်များကို လစဉ်ရရှိသောကြောင့်လည်းကောင်း၊ ရရှိမှုအပေါ်မူတည်၍ ပြုစုတွက်ချက် ဖော်ပြထားပါသည်။ လစဉ်ရရှိသော အချက်အလက်များကို နောင်တွင်လေးလပတ် အလိုက်နှိုင်းယှဉ်ခြင်း၊ တိုးတက်မှု၊ လျော့နည်းမှုများအား ဖော်ပြခြင်းဖြင့် ဆက်လက်ထည့်သွင်း ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ အကြောင်းအရာတစ်ခုစီတွင် ခေါင်းစဉ်နှင့်စပ်လျဉ်းသော သဘောတရားအနည်းငယ်ကို ဦးစွာဖော်ပြ၍ ကိန်းဂဏန်းများကို Table ၊ Bar Chart ၊ Line Graph နှင့် Pie Chart များဖြင့် အကျဉ်းချုပ်ရေးသား တင်ပြ ထားပါသည်။ ကိန်းဂဏန်းအချက်အလက်များကို စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ Statistical Year Book (2019) နှင့် နေ့စဉ်ထုတ် သတင်းစာများမှလည်းကောင်း၊ အချို့အချက်အလက်များအား သက်ဆိုင်ရာ Website များမှလည်းကောင်း ရယူဖော်ပြထားပါကြောင်း တင်ပြအပ်ပါသည်။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁။ စုစုပေါင်း ပြည်တွင်းထုတ်ကုန် (Gross Domestic Product –GDP) ........................................ ၃

၂။ GDP တိုးတက်မှုနှုန်း (GDP growth rate) ........................................................................ ၄

၃။ နိုင်ငံခြားကုန်သွယ်မှု( Foreign Trade) ............................................................................ ၅

၄။ ရင်းနှီးမြှုပ်နှံမှု(Investment) .............................................................................................. ၇

၅။ အလုပ်အကိုင်ရရှိမှုအခြေအနေများ ....................................................................................... ၉

၆။ ရန်ကုန်စတော့အိတ်ချိန်း၏ အရောင်းအဝယ်ဖြစ်မှုနှင့် ပျမ်းမျှအစုရှယ်ယာဈေးနှုန်းများ ........... ၁၁

၇။ နိုင်ငံတကာငွေကြေးလဲလှယ်နှုန်းနှင့် ပျမ်းမျှပေါက်ဈေးပြောင်းလဲသည့်ရာခိုင်နှုန်း ................... ၁၄

၈။ စားသုံးသူဈေးဆနှုန်းကိန်း (Comsumer Price Index–CPI)နှင့် ငွေကြေးဖောင်းပွမှု (Inflation) .....၁၅

၉။ ရွှေဈေးနှုန်းနှင့် ပျမ်းမျှဈေးနှုန်းပြောင်းလဲသည့်ရာခိုင်နှုန်း ......................................................၁၇

၁၀။ စက်သုံးဆီဈေးနှုန်းနှင့် ပျမ်းမျှလက်လီဈေးနှုန်းပြောင်းလဲသည့်ရာခိုင်နှုန်း.............................၁၈

၁၁။ ရန်ကုန် ကုန်စည်ဒိုင်မှ စားသောက်ကုန်အချို့၏ ပျမ်းမျှလက်လီဈေးနှုန်းပြောင်းလဲမှုနှုန်း ......၁၉

**စုစုပေါင်း ပြည်တွင်းထုတ်ကုန် (Gross Domestic Product –GDP)**

၁။ GDP ဆိုသည်မှာ သတ်မှတ်ထားသော ကာလတစ်ရပ်အတွင်း တိုင်းပြည်တစ်ပြည်၏ နိုင်ငံနယ်နိမိတ်တစ်ခုအတွင်းတွင် ထုတ်လုပ်ရရှိသော ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ စုစုပေါင်း တန်ဖိုးကို GDP ဟုခေါ်ပါသည်။ GDP တွင် အမည်ခံ (Nominal GDP)နှင့် အမှန် (Real GDP) ဟူ၍ (၂) မျိုးရှိပါသည်–

(က) အမည်ခံ GDP (Nominal GDP) ဆိုသည်မှာ နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ထားသော ကုန်စည်နှင့်ဝန်ဆောင်မှုများ၏တန်ဖိုးကို ထိုနှစ်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများဖြင့် တိုင်းတာဖော်ပြခြင်း ဖြစ်ပါသည်။

(ခ) အမှန် GDP (Real GDP) ဆိုသည်မှာ နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ထားသော ကုန်စည်နှင့်ဝန်ဆောင်မှုများ၏တန်ဖိုးကို ပြီးခဲ့သောနှစ်တစ်နှစ်၏ ဈေးနှုန်းများဖြင့် တိုင်းတာဖော်ပြခြင်းဖြစ်ပါသည်။ အခြေခံနှစ်တစ်နှစ်ကို သတ်မှတ်ပြီး ယင်းနှစ်၏ဈေးနှုန်းများဖြင့် GDP ကို တိုင်းတာဖော်ပြ ခြင်းဖြစ်ပါသည်။ နိုင်ငံအတွင်းစီးပွားရေး၊ နိုင်ငံရေး၊ သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ထူးထူး ခြားခြား ဖြစ်ပေါ်မှုမရှိခဲ့သော နှစ်တစ်နှစ်ကို အခြေခံနှစ်အဖြစ် သတ်မှတ် ရွေးချယ်ကာ ယင်းနှစ်ရှိဈေးနှုန်းများကို ရယူတွက်ချက်ခြင်း ဖြစ်ပါသည်။

## GDP တိုးတက်မှုနှုန်း (GDP growth rate)

၂။ GDP တိုးတက်မှုနှုန်းဆိုသည်မှာ ပြည်တွင်းကိန်းသေငွေကြေးပေါ်တွင်အခြေခံသော ဈေးကွက်ဈေးနှုန်း၌ နှစ်စဉ် GDP ရာခိုင်နှုန်း တိုးတက်ခြင်းကိုဆိုပါသည်။ ၎င်းကို အောက်ပါပုံသေနည်းဖြင့် တွက်ချက်နိုင်ပြီး မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

$$\text{Growth rate of GDP} = \frac{\text{Real GDP in current year} - \text{Real GDP in previous}}{\text{Real GDP in previous year}} \times 100$$

**မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်း**



[1]

[1] https://www.adb.org/countries/myanmar/economy (Access Date 3.4.2020)

## နိုင်ငံခြားကုန်သွယ်မှု( Foreign Trade)

၃။ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်(ဖေဖော်ဝါရီလထိ) နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီလထိ) ပြည်ပပို့ကုန် တန်ဖိုးများကိုနှိုင်းယှဉ်ပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် (၆၆၂၂.၀၅၈) US $ သန်း ဖြစ်ပြီး ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် တွင် (၇၇၄၇.၇၆၄) US $ သန်းဖြစ်ပါသည်။ (၂) နှစ်ကို ကာလ တစ်ရပ်အထိ တွက်ချက်နှိုင်းယှဉ်ရာတွင် အမေရိကန်ဒေါ်လာ ၁,၁၂၆ သန်း ပိုမို ဆောင်ရွက် နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုနှင့်ပြည်ပသွင်းကုန် ပစ္စည်းများအုပ်စုလိုက် တင်ပို့မှုအခြေအနေများကို အောက်ပါပုံများဖြင့် ဖော်ပြထား ပါသည်-

**ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုအခြေအနေ(US $ သန်း)**




**မှတ်ချက်။** ပြည်ပပို့ကုန်ပစ္စည်းများတွင် အုပ်စုအလိုက်တင်ပို့မှု အများဆုံးပစ္စည်းများမှာ စက်မှု ကုန်ချော၊ လယ်ယာထွက်၊ သတ္တုတွင်းထွက်ပစ္စည်းများဖြစ်ပါသည်။ ပို့ကုန်ပစ္စည်းများ နှိုင်းယှဉ်ရာတွင် သစ်တောထွက်ပစ္စည်း၊ အခြားပစ္စည်းနှင့် တိရစ္ဆာန်ထွက်ပစ္စည်း များအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထက် လျော့နည်း(-)တင်ပို့နေကြောင်းကို တွေ့ရှိရပါသည်။

## ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုလိုက်တင်သွင်းမှုအခြေအနေ

US $ သန်း




*Sources: ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာ*

**မှတ်ချက်။** ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီလထိ) ပြည်ပသွင်းကုန်ပစ္စည်းများ နှိုင်းယှဉ်ရာတွင် လျော့နည်းမှုမရှိပေ။

## ရင်းနှီးမြှုပ်နှံမှု(Investment)

၄။ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်သည့် နိုင်ငံများဖြစ်သည့် စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်း၊ ဗြိတိန်၊ ကိုရီးယားနှင့်ဗီယက်နမ်နိုင်ငံများ အားလုံးတွင် ဗိုင်းရပ်စ်ပျံ့နှံ့ကူးစက်ခဲ့ပါသည်။ ကပ်ရောဂါဆိုး၏ အကျိုးဆက်သည် ကမ္ဘာ့စီးပွားရေးကိုများစွာ ထိခိုက်စေခဲ့ပြီး မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း တုံ့ဆိုင်းမှုများစွာရှိခဲ့ပါသည်။ မြန်မာနိုင်ငံသို့လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများအနက် တရုတ်နိုင်ငံသည် ၂၆ ရာခိုင်နှုန်းအထိ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

၅။ ရောဂါပြန့်ပွားမှုကြောင့် ကုန်ထုတ်လုပ်ငန်းများတွင် ဝင်ရောက်မည့် ရင်းနှီးမြှုပ်နှံမှုအသစ်များသည် ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားလျော့နည်းခြင်းနှင့် ကုန်ကြမ်းရယူရန်ခက်ခဲခြင်း စသည့် ပြဿနာများကြောင့် စီးပွားရေးတုံ့ဆိုင်းနေပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအထိ ခွင့်ပြုခဲ့သည့် နိုင်ငံခြားနှင့်နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအခြေအနေများကို အောက်ပါ Bar Graph များဖြင့် ဖော်ပြထားပါသည်-




*Sources: ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ*

**မှတ်ချက်။** ဖေဖော်ဝါရီလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအရေအတွက်မှာ ၈ ခု ကျဆင်းပြီး နိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအရေအတွက်တွင် ကျဆင်းမှုမရှိပေ။ နိုင်ငံသားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအရေအတွက်တွင် စက်မှုကဏ္ဍမှာ အများဆုံးဖြစ်ပြီးပါသည်။

**မတည်ရင်းနှီးငွေပမာဏ (US $ သန်း)**




*Sources: ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ*

**မှတ်ချက်။** ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလ နှိုင်းယှဉ်ချက်များအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန် ဒေါ်လာသန်းပေါင်း ၃၇၉.၈၂၅ ကျဆင်းနေပြီး နိုင်ငံသားရင်းနှီးမြှုပ်နှံမှုသည်လည်း အမေရိကန် ဒေါ်လာသန်းပေါင်း ၆.၆၆၆ သန်း ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ [2]

[2] မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်း ဆောင်ရွက်မှု၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာကောက်နုတ်ထားပါသည်။

## အလုပ်အကိုင်ရရှိမှုအခြေအနေများ

၆။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် အလုပ်လုပ်နိုင်သူတစ်ဦးချင်းဝင်ငွေ တိုးပွားစေရန် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့်ပြည်တွင်း တွင်လည်း အလုပ်လုပ်ကိုင်မှုများရရှိရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိမှုနှင့် ပြည်ပအလုပ်အကိုင်ရရှိမှု အခြေအနေ များကိုလအလိုက် အောက်ပါပုံများဖြင့်ဖော်ပြထားပါသည်-

**ပြည်တွင်းအလုပ်အကိုင်ရရှိမှု**




*Sources: ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ*

**မှတ်ချက်။** ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလ နှိုင်းယှဉ်ချက်များအရ ဖေဖော်ဝါရီလတွင် အလုပ်အကိုင် ရရှိမှု ၂၁၅၈ ဦးရှေ အလုပ်အကိုင်ပိုမိုရရှိလာပြီး အများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ဖြစ်ပါသည်။

## ပြည်ပအလုပ်အကိုင်ရရှိမှု




*Sources: ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ*

**မှတ်ချက်။** နိုင်ငံအလိုက် အလုပ်အကိုင်ရရှိမှုတွင် အများဆုံးအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ဖြစ်ပါသည်။ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ နှိုင်းယှဉ်ချက်များအရဖေဖော်ဝါရီလတွင် နိုင်ငံအလိုက်ပြည်ပ အလုပ်အကိုင်ရရှိမှု ဇန်နဝါရီလထက် (၁၈၉၇) ဦး လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။ ထို့နောက် COVID–19 ကူးစက်ရောဂါကြောင့် အစိုးရအနေဖြင့်လည်း ပြည်ပသို့ အလုပ်သမားများစေလွှတ်ခြင်းကို **မတ်လ ၁၈ ရက်နေ့**မှစ၍ ယာယီရပ်ဆိုင်းလိုက်ပါသည်။[3]

[3] ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း ပြည်ပသို့တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၂၇၀၀၀ ကျော်နှင့် ပြည်တွင်း အလုပ်နေရာ ၂၆၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့။

## ရန်ကုန်စတော့အိတ်ချိန်း၏ အရောင်းအဝယ်ဖြစ်မှုနှင့် ပျမ်းမျှအစုရှယ်ယာဈေးနှုန်းများ

၇။ စတော့ဈေးနှုန်းများကို ဈေးကွက်သို့ရောက်ရှိလာသည့် စုစုပေါင်းအဝယ်/အရောင်းအော်ဒါများ၏ပမာဏကို အခြေခံကာ တွက်ချက်သတ်မှတ်ပါသည်။ စတော့ဈေးကွက်တွင် ရောင်းဝယ်သူများအနေဖြင့် ပေးနိုင်သည့်အော်ဒါနှစ်မျိုးရှိပါသည်။ ယင်းတို့မှာ Market Order နှင့် Limit Order တို့ဖြစ်ပါသည်။

၈။ Market Order မှာ ဈေးကွက်အတွင်းဖြစ်ပေါ်နေသည့် မည်သည့်ဈေးနှင့်မဆို အဝယ်/အရောင်းလုပ်မည်ဟူသည့် အော်ဒါဖြစ်ပြီး ယင်းမှာတန်းစီဇယားတွင် ဦးစားပေးအဆင့် အမြင့်ဆုံး ဖြစ်ပါသည်။ Limit Order မှာ မိမိဝယ်ယူရောင်းချလိုသည့် ဈေးကိုကန့်သတ်ကာ အော်ဒါတင်ခြင်းဖြစ်ပါသည်။ ယင်းအော်ဒါများမှာမူ မိမိကြိုက်ဈေးနှင့် ကိုက်ညီမှသာ အရောင်းအဝယ်ဖြစ်နိုင်ပါသည်။ သို့သော် မိမိကန့်သတ်ထားသည့် ဝယ်ဈေးထက်နိမ့်သောဈေးနှင့် ရသွားနိုင်သကဲ့သို့ မိမိကန့်သတ်ထားသည့် ရောင်းဈေးထက်လည်း ပိုပြီးရသွားနိုင်ပါသည်။

၉။ မည်သည့်အော်ဒါမဆို ဈေးနှုန်းချင်းတူညီပါက စတော့အိတ်ချိန်းသို့ စောစွာရောက်သည့် အော်ဒါကို ဦးစားပေးလေ့ရှိပါသည်။ စတော့ဈေးနှုန်းများကို တန်းစီရာတွင်လည်း စတော့ဈေးကွက်၏ တစ်နေ့တာစတင်ဖွင့်လှစ်လိုက်သည့် အခြေခံဈေးနှုန်းကို အခြေခံကာ အောက်ပါဇယားတွင် ဖော်ပြထားသည့် ဈေးနှုန်းဘောင်များအတွင်း၌သာ ရောင်းဝယ်မှုပြုနိုင်ပြီး ယင်းသတ်မှတ်ဘောင်ထက် ကျော်လွန်ကာ ရောင်းဝယ်ခြင်း မပြုနိုင်ပါ။ ဥပမာ စတော့တစ်ခု၏ ယနေ့ အဖွင့်ဈေးကို ၁၅၀၀၀ ကျပ်ဟု သတ်မှတ်ပါက ယင်းသည် (၁၀၀၀၀ နှင့် ၁၉၉၉၉) ကျပ် ကန့်သတ် ဘောင်အကြားတွင် ရှိနေသဖြင့် ယင်းစတော့ကို တစ်နေ့တာအတွင်း(+၂၅၀၀) ၁၂၅၀၀ နှင့် (-၂၅၀၀) ၁၇၅၀၀ အတွင်းသာ ဈေးဖွင့်နိုင်ပါသည်။[4]

၁၀။ ရှယ်ယာဈေးအတက်အကျသည် အဓိကအားဖြင့် ရောင်းလိုအားနှင့်ဝယ်လိုအားပေါ်၌ အခြေခံသော်လည်း[5] ၎င်းရှယ်ယာကိုထုတ်ဝေထားသည့် ကုမ္ပဏီအပေါ်၌ မူတည်၍လည်း ဖြစ်ပေါ်

[4] https://www.moi.gov.mm/npe/?q=article/1/05/2016/id-41157(Accessed date - 27-mar-2020).

[5] https://myanmartrader.blogspot.com/2015/07/blog-post_5.html (Accessed date - 5-April-2020).

နိုင်ပါသည်။[6] ၎င်းအပြင် စတော့ရှယ်ယာဈေးနှုန်းကို တက်စေနိုင်သော အခြေခံအကြောင်းအရင်း အချို့မှာ–

- အရှုံးအမြတ်စာရင်း (Earnings Reports)
- စီးပွားရေးအခြေအနေ (Country's Economy)
- ဘဏ်တိုးနှုန်း (Interests Rates)
- ရေနံဈေးနှုန်း (Energy Prices) နှင့်
- စီးပွားရေးသုံးသပ်ခန့်မှန်းချက်များ (Analysts Ratings) တို့ဖြစ်ပါသည်။[7]

၁၁။ ယခင်လက စတော့ရှယ်ယာနှင့် ပတ်သက်၍ အနည်းငယ်ဖော်ပြခဲ့ပြီးဖြစ်ရာ ယခုလတွင် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ မှ ၂၀၂၀ ပြည့်နှစ်၊ မတ်လအထိ ရန်ကုန်စတော့ အိတ်ချိန်းမှ စာရင်းဝင်ကုမ္ပဏီ (၅) ခု၏ လအလိုက်ပျမ်းမျှ အရောင်းအဝယ်ဖြစ်မှုပမာဏနှင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လတို့၏ ရှယ်ယာအဖွင့်/အပိတ်ဈေးနှုန်း အတက်အကျ အခြေအနေများကို အောက်ပါ Bar Graph များဖြင့် ဆက်လက်ဖော်ပြထားပါသည်–




[6] Rio World Gold Analysis, Myanmar Banking and Finance Magazine Page မှ ကောက်နုတ်ရရှိပါသည်။ (Accessed date –22–Dec–2019).
[7] https://myanmartrader.blogspot.com/2015/07/blog-post_5.html (Accessed date – 29–mar–2020).

## ၂၀၂၀ ပြည့်နှစ် ရန်ကုန်စတော့အိတ်ချိန်း၏ လအလိုက်ရှယ်ယာ အပိတ်စျေးနှုန်းများ




*Sources: Yangon Stock Exchange*

## ရန်ကုန်စတော့အိတ်ချိန်းမှ လအလိုက် အရောင်းအဝယ်ဖြစ်သည့် ရှယ်ယာအရေအတွက်နှင့် အရောင်းအဝယ်ပမာဏများ

- (၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ မှ၂၀၂၀ ပြည့်နှစ်၊ မတ်လအထိ)




**မှတ်ချက်–** အမြောက်အမြား ရှယ်ယာအရောင်းအဝယ်ဖြစ်မှု (Block Trading) ပါဝင်ပါသည်။

*Sources: Yangon Stock Exchange*

## နိုင်ငံတကာငွေကြေးလဲလှယ်နှုန်းနှင့် ပျမ်းမျှပေါက်ဈေးပြောင်းလဲသည့်ရာခိုင်နှုန်း

၁၂။ ယခင်လက အမေရိကန်၊ စင်ကာပူ၊ ဂျပန်၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့၏ ပျမ်းမျှငွေကြေးပေါက်ဈေးများကို အပတ်စဉ်အလိုက် Line Graph ဖြင့် ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လတို့၏ ပျမ်းမျှငွေကြေးပေါက်ဈေး အတွက်၊ အကျကိုအပတ်စဉ် အလိုက် Line Graph ဖြင့် အောက်ပါအတိုင်း ထပ်မံဖော်ပြထားပါသည်-




*Source: ဗဟိုဘဏ်ပေါက်ဈေး*

**မှတ်ချက်။** ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း နိုင်ငံတကာပျမ်းမျှငွေကြေးလဲလှယ်နှုန်း ကျဆင်းမှု

- ထိုင်း (တစ်ဘတ်) = ၆ %
- တရုတ် (တစ်ယွမ်) = ၃ %
- စင်ကာပူ (တစ်ဒေါ်လာ) = ၇ %
- ဂျပန် (၁၀၀ ယန်း) = ၀.၅ %
- အမေရိကန် (တစ်ဒေါ်လာ) = ၃ %[8]

[8] မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လထုတ်မှ ရရှိထားပါသည်။

## စားသုံးသူဈေးဆနှုန်းကိန်း (Comsumer Price Index–CPI)နှင့် ငွေကြေးဖောင်းပွမှု (Inflation)

၁၃။ စားသုံးသူဈေးဆနှုန်းကိန်း (CPI) သည် အိမ်ထောင်စုများအသုံးပြုသည့် ကုန်စည်နှင့် ဝန်ဆောင်မှု အများစု၏ ဈေးနှုန်းပြောင်းလဲမှုကို တိုင်းတာသည့် ညွှန်းကိန်းတစ်ခုဖြစ်ပါသည်။ ၎င်းသည် ငွေကြေးဖောင်းပွမှု သို့မဟုတ် ဈေးနှုန်းမြင့်တက်လာမှုနှင့် ငွေကျုံ့မှု သို့မဟုတ် ဈေးနှုန်း ကျဆင်းမှုကို ဖော်ညွှန်းပါသည်။[9]

၁၄။ ယေဘုယျအားဖြင့် ငွေဖောင်းပွမှုသည် ဝယ်လိုအား၏ ဆွဲအား (Demand Pull Inflation) (သို့မဟုတ်) စရိတ်တိုက်တွန်းအား (Cost Push Inflation) ကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။[10] ငွေကြေးဖောင်းပွမှုသည် စီးပွားရေးအဆောက်အအုံကို ကောင်းကျိုး/ဆိုးကျိုး နှစ်မျိုးလုံးဖြင့် သက်ရောက်မှုရှိနိုင်ပါသည်။ အနုတ်လက္ခဏာဆောင်သော (ဆိုးကျိုး) သက်ရောက်မှုတွင် ငွေကြေးကို ကိုင်ထားခြင်းနှင့် ပတ်သက်သော အခွင့်အလမ်းအရ ကုန်ကျမှု မြင့်တက်လာခြင်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ငွေကြေးစုဆောင်းခြင်းများကို ကျဆင်းစေနိုင်သော အနာဂတ်နှင့် ပတ်သက်သည့် မရေရာမှုကိုဖြစ်ပေါ်စေခြင်း၊ ဈေးထပ်တက်မည်စိုးသောကြောင့် စားသုံးသူများက ကုန်ပစ္စည်းများကို စတင်၍ သိုလှောင်လာကြသဖြင့် ကုန်ပစ္စည်းပြတ်လပ် မှုဖြစ်ပေါ်ခြင်း အစရှိသည်တို့ပါဝင်သည်။ အပေါင်းလက္ခဏာဆောင်သော (ကောင်းကျိုး) သက်ရောက်မှုများ၌ အမည်ခံလုပ်ခမြင့်မားခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်မှုကို လျှော့ချနိုင်ခြေရှိခြင်း၊ ငွေကြေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန် ဗဟိုဘဏ်အတွက် သက်သာသည့် အနေအထားဖြစ်စေခြင်း၊ ငွေကြေးကိုင်ထားခြင်းထက် ရင်းနှီးမြှုပ်နှံရန်နှင့် ငွေထုတ်ချေးရန် အားပေးမှုကို ဖြစ်စေခြင်း အစရှိသည်တို့ ပါဝင်ပါသည်။[11]

၁၅။ ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ ကုန်ဈေးနှုန်းသည် နှစ်စဉ်ကိန်းဂဏန်းတစ်ခုတည်းနှုန်းဖြင့် မြင့်တက်နေလျှင် အနေတော် ငွေဖောင်းပွမှု (Moderate Inflation or Creeping Inflation)

---

[9]https://www.thebalance.com/consumer-price-index-cpi-index-definition-and-calculation-3305735 (Accessed date – 25-mar-2020).

[10]https://stiedu.net/blogdetails/12?fbclid=IwAR2Q4wYBh2MkDuXVYbTEiSxBOrZN4gihDN-UmJiyPfh6mrc767Gtf7TfgA8 (Accessed date – 25-mar-2020).

[11]PUBLISHED 4 DECEMBER 2019, https://news-eleven.com/article/148359?fbclid=IwAR0YbMz-WuS6k0H8SxcMMZYa5GEtijh98kNZg72Xs1an-K3VsNcFWpiM1LQ (Accessed date – 25-mar-2020).

ဟုခေါ်ဆိုပါသည်။ တစ်နှစ်လျှင် ကိန်းဂဏန်း (၂) လုံး သို့မဟုတ် (၃) လုံးနှုန်းဖြင့် မြင့်တက်နေပါက (Galloping Inflation or Jumping Inflation) ဟုခေါ်ပြီး ကုန်ဈေးနှုန်းများ နှစ်စဉ်ကိန်းဂဏန်း (၃) လုံးထက်ပို၍ မြင့်တက်ကာ ထိန်းချုပ်မရတော့သည့် အခြေအနေသို့ ရောက်ရှိပါက အလွန်အကျွံငွေဖောင်းပွမှု (Hyperinflation) ဟုခေါ်ပါသည်။[12] သို့ဖြစ်၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအထိ မြန်မာနိုင်ငံ၏ လစဉ်စားသုံးသူ ဈေးနှုန်းညွှန်းကိန်းများကို အောက်ပါ Line Graph ဖြင့်ဖော်ပြထားပါသည်-

**မြန်မာနိုင်ငံ၏ လစဉ်စားသုံးသူဈေးနှုန်းညွှန်းကိန်း (CPI) တိုးတက်မှုနှုန်း**




၁၆။ အထက်ပါ Line Graph ကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ စားသုံးသူဈေးနှုန်းညွှန်းကိန်းသည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ၉.၄၅ % ရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် ၉.၀၉ % သို့ ကျဆင်းသွားခဲ့ပါသည်။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ၏ CPI ပြောင်းလဲမှုကို လေ့လာခြင်းဖြင့် ငွေကြေးဖောင်းပွမှုနှုန်း (rate of inflation) သည် ယခင်လနှင့် နှိုင်းယှဉ်ပါက အနည်းငယ် ကျဆင်းသွားခဲ့ပါသည်။[13]

[12] http://www.economicsdiscussion.net/inflation/inflation-definitions-kinds-and-causes-of-inflation/4065

[13] https://www.ceicdata.com/en/indicator/myanmar/consumer-price-index-cpi-growth (Accessed date - 2-April-2020).

## ရွှေဈေးနှုန်းနှင့် ပျမ်းမျှဈေးနှုန်းပြောင်းလဲသည့်ရာခိုင်နှုန်း

၁၇။ ယခင်လက ရွှေ၏အရေးပါမှုနှင့် ရွှေရည်ရွှေသွေးခွဲခြားသတ်မှတ်ပုံကို ရှင်းလင်းရေးသားခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ရွှေတစ်ကျပ်သားပျမ်းမျှဈေးနှုန်းကို အပတ်စဉ်အလိုက် Line Graph ဖြင့် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လတို့၏ ရွှေတစ်ကျပ်သား ပျမ်းမျှဈေးနှုန်း အတက်၊ အကျကို အပတ်စဉ်အလိုက် Line Graph ဖြင့် အောက်ပါအတိုင်း ထပ်မံဖော်ပြထားပါသည်-

ရွှေတစ်ကျပ်သား ပျမ်းမျှဈေးနှုန်း (ကျပ်)




*Source: အောင်သမာဓိရွှေဆိုင်*

**မှတ်ချက်။** ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း ရွှေတစ်ကျပ်သားပျမ်းမျှဈေးနှုန်းသည် ဖေဖော်ဝါရီလနှင့်နှိုင်းယှဉ်ပါက ရွှေ ၁၅ ပဲရည်နှင့် ရွှေ ၁၆ ပဲရည် (၂) မျိုးလုံးသည် ၃% အသီးသီး ကျဆင်းခဲ့ပါသည်။[14]

[14] မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လထုတ်မှ ရရှိထားပါသည်။

## စက်သုံးဆီဈေးနှုန်းနှင့် ပျမ်းမျှလက်လီဈေးနှုန်းပြောင်းလဲသည့်ရာခိုင်နှုန်း

၁၈။ စက်သုံးဆီတင်သွင်းရာတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တရားဝင်တင်သွင်းခွင့် သတ်မှတ်ပေးထားသော စက်သုံးဆီအမျိုးအစား (၅) မျိုးရှိသော်လည်း မြန်မာနိုင်ငံတွင် စက်သုံးဆီ အမျိုးအစား (၄) မျိုးကိုသာ တရားဝင်တင်သွင်းပါသည်။ ၎င်းစက်သုံးဆီအမျိုးအစား (၄) မျိုးကို ယခင်လတွင် အပတ်စဉ်အလိုက် Line Graph ဖြင့် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လတို့၏ ပျမ်းမျှလက်လီဈေးနှုန်း အတက်၊ အကျကို လအလိုက် Line Graph ဖြင့် အောက်ပါအတိုင်း ထပ်မံဖော်ပြထားပါသည်-

### စက်သုံးဆီပျမ်းမျှလက်လီဈေးနှုန်း (ကျပ်)




*Source: မြန်မာနိုင်ငံစက်သုံးဆီများအသင်း*

**မှတ်ချက်။** ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း စက်သုံးဆီပျမ်းမျှလက်လီဈေးနှုန်း ကျဆင်းမှု

- ဒီဇယ် (တစ်လီတာ) = ၂၄ % ၊
- ပရီမီယံဒီဇယ် (တစ်လီတာ) = ၂၃ % ၊
- အောက်တိန်း ၉၂ = ၂၆ % နှင့်
- အောက်တိန်း ၉၅ = ၂၂ % [15]

[15] မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လထုတ်မှ ရရှိထားပါသည်။

## ရန်ကုန် ကုန်စည်ဒိုင်မှ စားသောက်ကုန်အချို့၏ ပျမ်းမျှလက်လီဈေးနှုန်းပြောင်းလဲမှုနှုန်း

၁၉။ ဖေဖော်ဝါရီလတွင် အစားအစာအုပ်စုများအနက်မှ စားသောက်ကုန် (၂၅) မျိုး၏ ပျမ်းမျှ ဈေးနှုန်းများကို ဇယားနှင့်တကွ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက်၍ ၎င်းစားသောက်ကုန်များ အနက်မှ ဈေးနှုန်းပြောင်းလဲမှုရှိသော စားသောက်ကုန် (၁၉) မျိုးကိုသာ အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်-

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | ပျမ်းမျှလက်လီဈေးနှုန်း (ကျပ်) | | ယခင်လနှင့်နှိုင်းယှဉ် လျှင်ပျမ်းမျှပြောင်းလဲသည့် ရာခိုင်နှုန်း |
|---|---|---|---|---|---|
| | | | ဖေဖော်ဝါရီလ | မတ်လ | |
| ၁။ | ဆန်(ဧည့်မထ အလတ်စား) | ပြည် | ၁၁၀၀ | ၁၁၅၃ | ၅ |
| ၂။ | ဆန်(ပေါ်ဆန်းမွှေးအလတ်စား) | ပြည် | ၂၂၀၀ | ၂၂၁၁ | ၁ |
| ၃။ | မြေပဲဆီ(ရှယ်) | ပိဿာ | ၇၃၀၀ | ၇၁၀၀ | -၃ |
| ၄။ | စားအုန်းဆီ | ပိဿာ | ၂၂၆၃ | ၂၀၀၅ | -၁၁ |
| ၅။ | ကုလားပဲခြမ်း | ပိဿာ | ၂၅၀၀ | ၂၆၃၂ | ၅ |
| ၆။ | ပဲနီလေး | ပိဿာ | ၄၅၀၀ | ၅၀၂၆ | ၁၂ |
| ၇။ | စားတော်ပဲ | ပိဿာ | ၂၆၀၀ | ၂၆၂၆ | ၁ |
| ၈။ | ငရုတ်သီးခြောက်(အပု) | ပိဿာ | ၁၆၀၀၀ | ၁၅၅၇၉ | -၃ |
| ၉။ | ကြက်သွန်ဖြူ | ပိဿာ | ၈၁၅၈ | ၈၁၀၅ | -၁ |
| ၁၀။ | ကြက်သွန်နီ | ပိဿာ | ၂၃၃၇ | ၁၇၁၃ | -၂၇ |
| ၁၁။ | အာလူး | ပိဿာ | ၁၂၀၀ | ၁၂၂၁ | ၂ |
| ၁၂။ | အမဲသား | ပိဿာ | ၁၅၅၇၉ | ၁၅၀၀၀ | -၄ |
| ၁၃။ | ဆိတ်သား | ပိဿာ | ၂၈၂၁၁ | ၂၈၀၀၀ | -၁ |
| ၁၄။ | ငါးခူ | ပိဿာ | ၁၁၈၄၂ | ၁၂၀၀၀ | ၁ |
| ၁၅။ | ငါးကျည်း | ပိဿာ | ၁၂၈၉၅ | ၁၂၇၃၇ | -၁ |
| ၁၆။ | ငါးသလောက် | ပိဿာ | ၁၇၀၅၃ | ၁၆၂၁၁ | -၅ |
| ၁၇။ | ငါးကြင်း | ပိဿာ | ၈၀၀၀ | ၈၄၂၁ | ၅ |

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | ပျမ်းမျှလက်လီဈေးနှုန်း (ကျပ်) | | ယခင်လနှင့်နှိုင်းယှဉ် လျှင်ပျမ်းမျှပြောင်းလဲ သည့် ရာခိုင်နှုန်း |
|---|---|---|---|---|---|
| | | | ဖေဖော်ဝါရီလ | မတ်လ | |
| ၁၈။ | ငါးမြစ်ချင်း | ပိဿာ | ၄၉၁၆ | ၅၀၀၀ | ၂ |
| ၁၉။ | ပုစွန်ထုပ် | ပိဿာ | ၁၇၆၈၄ | ၁၇၂၆၃ | -၂ |

**မှတ်ချက်။** (-) လကၡဏာ စားသောက်ကုန် (၁၀) မျိုး = ဈေးနှုန်းကျဆင်း
ကျန် စားသောက်ကုန် (၉) မျိုး = ဈေးနှုန်းမြင့်တက်[16]

ဤစာတမ်းတိုအား ဒေါ်သီတာဖြူ (လ/ထ ညွှန်ကြားရေးမှူး) က ကြီးကြပ်၍ ဒေါ်ခင်မေသန်း (ဒု-ဦးစီးမှူး)၊ ဒေါ်ကြည်ဦး (ဒု-ဦးစီးမှူး) နှင့် ဒေါ်သန္တာဦး (အကြီးတန်းစာရေး) တို့မှ တာဝန်ယူရေးသားကာ သုတေသနဌာနမှ အရာထမ်း အဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော်ရုံး

[16] https://www.mopfi.gov.mm/my/page/planning/central-statistical-organization-cso/967

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။